MONTHLY

# NEWSLETTER

AYA SOMPO insurance

VOLUME [ 1 ]   1st - 31st JANUARY - 2021

## WHAT IS COMPLIANCE? 02

「စနစ်တကျဖွဲ့စည်းထားသော Corporation များ Enterprises များသည် Compliance ကို အလေးပေး လိုက်နာ ဆောင်ရွက်ကြလေ့ရှိ...」

AYA SOMPO အာမခံမှ မြန်မာပြည်သူပြည်သားများအတွက် ပိုမိုကောင်းမွန်ပြီး ကာကွယ်စိတ်ချမှု အပြည့်ပေး နိုင်မည့် အလုံးစုံခရီးသွားအာမခံအမျိုးအစားသစ်ကို AYA SOMPO အာမခံရုံးချုပ်၌ မိတ်ဆက်ပွဲပြုလုပ်..... 04

AYA SOMPO အာမခံမှ မြန်မာနိုင်ငံရဲ့အဆန်းသစ်ဆုံး အလုံးစုံခရီးသွားအာမခံဖြစ်သည့် AYA Go ပြည်တွင်းခရီးသွားအာမခံနှင့် AYA Joy ပြည်ပခရီးသွားအာမခံတို့ကို စတင်မိတ်ဆက်.. 05

Coffee with CEO & COO (Virtual Dialogue Session) 06

AYA SOMPO Insurance မှ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ၏ "Sales Excellent Award" ဆု ရရှိသော အာမခံကိုယ်စားလှယ်များ... 07

AYA SOMPO Insurance မှ ၂၀၁၉ - ၂၀၂၀ ခုနှစ် "Sales Associates of the Year" ဆု ရရှိသော ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့် ... 08

AYA SOMPO Insurance ၏ ဒီဇင်ဘာလအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သော ထူးချွန်ဝန်ထမ်းများ... 09

အလုံးစုံမော်တော်ယာဥ်အာမခံ လျော်ကြေးငွေ ပေးအပ်ခြင်း... 10




No.245,
Corner of Maha Bandula Road and 46th Street,
Botahtaung Township,
Yangon, Myanmar.

info@ayasompo.com

**Customer Service:**
csinfo@ayasompo.com

**Website Link:**
www.ayasompo.com

+95-9-777100555



# What is Compliance?

Compliance ဆိုသည့်စကားလုံးကို တော်တော်များများ ကြားသိနေကြမည်ဖြစ်သည်။ အထူးသဖြင့် စနစ်တကျ ဖွဲ့စည်းတည်ထောင်လုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းအဖွဲ့အစည်းကြီးများတွင် ပါဝင်ဆောင်ရွက်နေကြသူများ မကြာခဏ ကြားနေကြသည့် စကားဖြစ်သည်။ စနစ်တကျ ဖွဲ့စည်းထားသော Corporation များ Enterprises များသည် Compliance ကို အလေးပေးလိုက်နာ ဆောင်ရွက်ကြလေ့ ရှိသည်။ Company သို့မဟုတ် Organization တစ်ခုတွင် ကောင်းမွန်စနစ်ကျသော Governance ရှိရေး ဖော်ဆောင်ရာတွင် Compliance မှာလည်း အဓိက ပါဝင်လိုက်နာရန် လိုသည့် အချက်တစ်ချက်ဖြစ်သည်။

Compliance ကို နားလည်သဘောပေါက်ရန် Comply (လိုက်နာရန် လိုအပ်သည်များကို လိုက်နာခြင်း) ဆိုသည့် စကားလုံးဖြင့် စတင်ရပေမည်။ လိုက်နာရန် လိုအပ်သည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာခြင်း ဆိုသည်မှာ ရှေးယခင်ကာလများကပင် ကျင့်သုံးခဲ့သော ကျင့်ဝတ်တစ်ခုပင်ဖြစ်သည်။ Organized Commerce ဟုခေါ်သော စနစ်တကျဖွဲ့စည်း ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများမပေါ်ပေါက်မီကပင်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာကျင့်သုံးရသော ကျင့်ဝတ်ဓလေ့များ ရှိခဲ့ပြီးဖြစ်သည်။ Organized Commerce ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်လာချိန်တွင် Compliance သဘောတရားကို ပိုမိုကျင့်သုံးလာကြခြင်းဖြစ်သည်။

> စနစ်တကျဖွဲ့စည်းထားသော Corporation များ Enterprises များသည် Compliance ကို အလေးပေး လိုက်နာ ဆောင်ရွက်ကြလေ့ရှိ သည်။ Company သို့မဟုတ် Organization တစ်ခုတွင် ကောင်းမွန်စနစ်ကျသော Governance ရှိရေး ဖော်ဆောင်ရာတွင် Compliance မှာလည်း အဓိက ပါဝင်လိုက်နာ ရန်လိုသည့် အချက်တစ်ချက်ဖြစ်သည်။

## Compliance Obligations

ချမှတ်ထားသော ဥပဒေ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းသည် Compliance ဖြစ်ခြင်းပင် ဖြစ်သည်။ မည်သို့သော ဥပဒေစည်းကမ်းများကို Comply (လိုက်နာရမည်) ဖြစ်ရမည်ဆိုသည်ကို သက်ဆိုင်ရာ အဖွဲ့အစည်းအတွင်း အဆင့်ဆင့်သော တာဝန်ယူ လုပ်ကိုင်နေကြသူများအနေဖြင့် ရှင်းလင်းစွာ နားလည်သဘောပေါက်နေသင့်ပါသည်။

အဖွဲ့အစည်းတစ်ခု၏ အမြင့်ဆုံးသော တာဝန်ရှိသူတို့မှာ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်သည်။ ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့် Compliance အရေးကြီးမှုကို အလေးပေး၍ စနစ်ကျသော Compliance System and Process ရှိစေရန် လမ်းညွှန်မှုပေး၍ ဆောင်ရွက်လေ့ရှိသည်။ ဒါရိုက်တာအဖွဲ့မှ လမ်းညွှန်သည့်အတိုင်း သက်ဆိုင်ရာ Compliance Officer များမှ တဆင့် ဌာနတာဝန်ခံများ၊ ဝန်ထမ်းများအထိ လိုက်နာဆောင်ရွက်ကြစေရန် စနစ်များ ချမှတ်ဆောင်ရွက်လေ့ရှိသည်။

## Compliance Regulations

နောက်ပိုင်းတွင် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် စည်းကမ်းလိုက်နာမှု အားနည်း၍ စားသုံးသူများ၊




အဖွဲ့အစည်းနှင့် ဆက်စပ်ပတ်သက်နေ သူများအပြင် လူ့ပတ်ဝန်းကျင်ကိုလည်း ထိခိုက် နစ်နာဆုံးရှုံးမှုများ ပိုမိုကြုံတွေ့လာရသဖြင့် သက်ဆိုင်ရာ အစိုးရအေဂျင်စီများ၊ အာဏာပိုင်များအနေဖြင့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရေးအတွက် စီးပွားရေးအဖွဲ့အစည်းများအပေါ် ပိုမိုတင်းကြပ်သည့် ဥပဒေစည်းကမ်းများချမှတ်ဆောင်ရွက်လာကြရသည်။

စီးပွားရေး အဖွဲ့အစည်းများ၏ မှားယွင်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်သော စီးပွားရေး ကျဆင်းမှုများ၊ စီးပွားရေး ကပ်ဆိုက်မှုများသည် ဥပဒေစည်းကမ်းများဖြင့် ကာကွယ်ထိန်းချုပ်ရန် လိုအပ်လာမှု၏ အကြောင်းရင်းတစ်ရပ်လည်း ဖြစ်သည်။ စီးပွားရေး အဖွဲ့အစည်းများ ပြိုလဲပျက်စီးသဖြင့် ထိုစီးပွားရေးနှင့် ဆက်စပ်နေသော စားသုံးသူများ အခြားပတ်သက်ဆက်စပ်သူများကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသဖြင့် ထိုသို့သော ဖြစ်ရပ်များမှ ကာကွယ်ရန် အမျိုးမျိုး ဥပဒေစည်းကမ်းများ ချမှတ်ရသည့် သမိုင်းမှတ်တမ်းများ ရှိခဲ့ပေသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း Compliance ၏ အနက်အဓိပ္ပါယ်? Compliance ၏ အရေးပါပုံများနှင့် စနစ်တကျ ဖွဲ့စည်းလုပ်ကိုင် ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုတွင် Compliance မှာ အဓိကလိုက်နာရန်လိုသည့် အချက်တစ်ချက်ဖြစ်သည် အစရှိသည်များကို ဖော်ပြခဲ့ပြီးဖြစ်ပြီး နောက်လများတွင်လည်း မည်သည်များကို လိုက်နာဆောင်ရွက်ရမည်? Compliance ဖြစ်စေရန် မည်သို့သော ဥပဒေ စည်းကမ်းများကို လိုက်နာရန် လိုအပ်သည်၊ မိမိတို့ လုပ်ကိုင်သည့် လုပ်ငန်းအပေါ် လိုက်၍ မည်သည့် ဥပဒေစည်းကမ်းများက မိမိတို့နှင့် သက်ဆိုင်သနည်း ဆိုသည့် အချက်များကို နောက်လများတွင် ဆက်လက်ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

# မြန်မာပြည်သူပြည်သားများအတွက် ပိုမိုကောင်းမွန်ပြီး ကာကွယ်စိတ်ချမှု အပြည့်ပေးနိုင်မည့် အလုံးစုံခရီးသွားအာမခံအမျိုးအစားသစ်ကို AYA SOMPO အာမခံရုံးချုပ်၌ မိတ်ဆက်ပွဲပြုလုပ်.....







AYA SOMPO အာမခံမှ မြန်မာပြည်သူ ပြည်သားများအတွက် ပိုမိုကောင်းမွန်ပြီး ကာကွယ်စိတ်ချမှုအပြည့် ပေးနိုင်မယ့် ပြည်တွင်းခရီးစဉ်များအတွက် AYA Go Travel အာမခံနှင့် ပြည်ပခရီးစဉ်များအတွက် AYA Joy Travel အာမခံတို့ ပါဝင်သည့် အလုံးစုံခရီးသွားအာမခံ အမျိုးအစားသစ်ကို AYA SOMPO အာမခံ ရန်ကုန်ရုံးချုပ်၌ မိတ်ဆက်ပွဲ ပြုလုပ်ခဲ့ပါတယ်။

မိတ်ဆက်ပေးသည့် AYA Go နှင့် AYA Joy ခရီးသွားအာမခံသည် မြန်မာနိုင်ငံ၏ ပထမဆုံး အလုံးစုံ ခရီးသွားအာမခံ အမျိုးအစားများ ဖြစ်သည်နှင့်အညီ ပြည်သူလူထုများဆီသို့ သူမတူသော ထူးခြားသည့် အာမခံအကာအကွယ်များကို ပေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး AYA Pay နှင့် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ ခရီးသွားအာမခံအသစ်များကို မကြာခင် AYA Pay mobile wallet တွင် ဝယ်ယူနိုင်တော့မှာဖြစ်သလို AYA SOMPO အာမခံ Website – www.ayasompo.com AYA Bank ဘဏ်ခွဲများနှင့် AYA SOMPO Lounge များတွင်လည်း ယခုမှစ၍ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။

AYA SOMPO အာမခံရဲ့ AYA Go နှင့် AYA Joy အလုံးစုံခရီးသွားအာမခံအကြောင်း အသေးစိတ်သိရှိလိုပါက www.ayasompo.com သို့ ဝင်ရောက်လေ့လာ၍ ဖြစ်စေ၊ AYA SOMPO အာမခံ၏ Messenger - m.me/ayasompo. သို့ မေးမြန်း၍ဖြစ်စေ ဝန်ဆောင်မှု ရယူနိုင်ပါတယ်။





# AYA SOMPO Insurance မှ မြန်မာနိုင်ငံရဲ့အဆန်းသစ်ဆုံး အလုံးစုံခရီးသွားအာမခံဖြစ်သည့် AYA Go ပြည်တွင်းခရီးသွားအာမခံနှင့် AYA Joy ပြည်ပခရီးသွားအာမခံတို့ကို စတင်မိတ်ဆက်..






ခရီးစဉ်တိုင်းကို ခြေလှမ်းတစ်လှမ်းမှ အစပြုရ တာဖြစ်သလို ထိုခြေလှမ်း တစ်လှမ်းစီတိုင်းမှာလဲ အမှတ်တရများ ပါဝင်ပါတယ်။

AYA SOMPO အာမခံအနေနဲ့ မြန်မာနိုင်ငံရဲ့ အဆန်းသစ်ဆုံး အလုံးစုံ ခရီးသွားအာမခံဖြစ်သည့် AYA Go ပြည်တွင်းခရီးသွားအာမခံ နှင့် AYA Joy ပြည်ပ ခရီးသွားအာမခံတို့ကို စတင်မိတ်ဆက်ပေးခဲ့ပါတယ်။ ခရီးစဉ် အမှတ်တရတိုင်းကို သိမ်းဆည်းထားနိုင်ရန် အတွက် အာမခံအဖော်မွန်ကောင်း လိုအပ်ပါတယ်။





AYA Go နှင့် AYA Joy ခရီးသွားအာမခံတို့သည် ပြည်တွင်း ပြည်ပ ခရီးသွား မြန်မာပြည်သူများအတွက် ပိုမိုကောင်းမွန်သော အကျိုးခံစားခွင့်များ၊ ပိုမို သက်သာသော ပရီမီယံကြေးများနှင့် အကာအကွယ်အပြည့်အစုံများကို ပေးစွမ်းနိုင်သည့် ပထမဦးဆုံး အလုံးစုံခရီးသွား အာမခံများ ဖြစ်သည်။ ပြည်တွင်းပြည်ပခရီးသွားလာမှု ဆိုင်းငံ့ထားခြင်းများ ပြေလျော့လာသည်နှင့်အညီ AYA Go နှင့် AYA Joy မှာ ခရီးသွားများအတွက် မှန်ကန်သင့်လျော်သော ခရီးသွားအာမခံ အကာအကွယ်များ ပေးစွမ်းနိုင်ရန် အချိန်ကိုက် ရောက်ရှိလာသော အာမခံအကာအကွယ်များ ဖြစ်ပါသည်။

ယခုကျင်းပပြုလုပ်သည့် လက်မှတ်ထိုးပွဲမှာလည်း AYA SOMPO နှင့် Oway တို့၏ မိတ်ဖက်ဖြစ်ကြောင်း ကြေငြာခြင်းပွဲပင် ဖြစ်သည်။ မကြာမီအချိန်အတွင်း https://oway.com.mm/ တွင် AYA Go နှင့် AYA Joy တို့အား စတင် ဝယ်ယူနိုင်တော့မှာ ဖြစ်ပါတယ်။

AYA SOMPO အာမခံရဲ့ AYA Go နှင့် AYA Joy အလုံးစုံခရီးသွားအာမခံအကြောင်း အသေးစိတ်သိရှိလိုပါက www.ayasompo.com သို့ ဝင်ရောက်လေ့လာ၍ ဖြစ်စေ၊ AYA SOMPO အာမခံ၏ Messenger - m.me/ayasompo. သို့ မေးမြန်း၍ဖြစ်စေ ဝန်ဆောင်မှု ရယူနိုင်ပါတယ်။

# Coffee with CEO & COO (Virtual Dialogue Session)

AYA SOMPO ကုမ္ပဏီအနေဖြင့် လက်ရှိလုပ်ဆောင်လျက်ရှိသော Key Initiative များ၊ ၂၀၂၁ ခုနှစ်အတွက် လိုအပ်သော Key Action Plan များနှင့် ကုမ္ပဏီ၏ လက်ရှိလုပ်ဆောင်နေသည့် ဆောင်ရွက်ချက်များကို CEO၊ COO နှင့် ဝန်ထမ်းများကြား အပြန်အလှန်ဆွေးနွေးပိုင်းသဘောဖြင့် "Coffee with CEO & COO Virtual Dialogue Session" အစီအစဉ်ကို ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် AYA SOMPO အာမခံရုံးချုပ်၌ ပြုလုပ်ခဲ့ပါတယ်။



AYA SOMPO အာမခံ၏ CEO ဦးမျိုးမင်းသူက ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ဆောင်ခဲ့သော ဆောင်ရွက်ချက်များနှင့်အတူ ၂၀၂၁ ခုနှစ်တွင်ဆက်လက်လုပ်ဆောင်မည့် အနာဂတ် အစီအစဉ်များကို ဆွေးနွေးခဲ့ပြီး ဝန်ထမ်းများအနေဖြင့်လည်း အတူလက်တွဲ ကြိုးပမ်းကြရန် ပြောကြားခဲ့ပါသည်။



ထို့နောက် ဝန်ထမ်းများမှ သိလိုသည်များကို မေးမြန်း၍ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး AYA SOMPO အာမခံ၏ Board အဖွဲ့နှင့် Management အဖွဲ့တို့မှလည်း နှစ်သစ်ဆုမွန်တောင်းစကားများ ပြောကြားခဲ့ပါသည်။





# AYA SOMPO Insurance မှ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ၏ "Sales Excellent Award" ဆု ရရှိသော အာမခံကိုယ်စားလှယ်များ

AYA SOMPO အာမခံနှင့်အတူ လက်တွဲ၍ မြန်မာပြည်သူပြည်သားများအတွက် စိတ်ချလုံခြုံမှုပြည့်ဝသော အာမခံဝန်ဆောင်မှုများကို လျင်မြန်ထိရောက်စွာ ပေးနေသည့် အာမခံကိုယ်စားလှယ်များမှ ထူးချွန်စွာ စွမ်းဆောင်ခဲ့သည့် ၂၀၂၀ခုနှစ် နိုဝင်ဘာလ၏ "Sales Excellence Award" ရရှိသွားသူများကို ဂုဏ်ယူစွာဖြင့် ဖော်ပြလိုက်ပါသည်။




Dr. Htet Zan Lin
(Hub Myanmar Insurance)
IA (O) 0039
SALES EXCELLENCE AWARD November 2020




Daw Khin Sandar Kyaw
(Ashro Insurance Services Limited)
IA (N) GI 00354
SALES EXCELLENCE AWARD November 2020




U Hla Phyo Thaw
IA (N) GI 00909
SALES EXCELLENCE AWARD November 2020

AYA SOMPO အာမခံကုမ္ပဏီမှ ယခုလို COVID-19 ကာလမှာပင် မဆုတ်မနစ် အတူတကွ လက်တွဲကြိုးစား ပေးလျက်ရှိသော အာမခံကိုယ်စားလှယ်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် အတူလက်တွဲ၍ ယခုထက် ပိုမိုကောင်းမွန်သော အာမခံဝန်ဆောင်မှုများကို ပြည်သူများထံသို့ ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

# AYA SOMPO Insurance မှ ၂၀၁၉ - ၂၀၂၀ ခုနှစ် "Sales Associates of the Year" ဆု ရရှိသော ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်

စိတ်ချလုံခြုံမှုပြည့်ဝသော အာမခံဝန်ဆောင်မှုများကို Customer များထံသို့ ထိရောက်စွာ ဝန်ဆောင်မှုပေးနေသည့် AYA SOMPO အာမခံမှ Sales Associate ဝန်ထမ်းများ၏ ၂၀၁၉ - ၂၀၂၀ ခုနှစ် "Sales Associates of the Year" ဆု ရရှိခဲ့သည့် တစ်နှစ်ပတ်လုံး အထူးချွန်ဆုံး စွမ်းဆောင်ခဲ့သော ဝန်ထမ်းများကို ဂုဏ်ယူစွာဖြင့် ဖော်ပြလိုက်ပါတယ်။
















ယခုအတွက်သာမက နောင်အနာဂတ်အထိ စိတ်ချလုံခြုံမှုပြည့်ဝသော အာမခံအကာအကွယ်ကောင်းများကို ပေးစွမ်းနိုင်ဖို့အတွက် AYA SOMPO အာမခံမှ သင့်ဘဝလက်တွဲဖော်အဖြစ် လက်တွဲတူယှဉ် ထာဝစဉ် ရှိနေမှာ ဖြစ်ပါတယ်။

# AYA SOMPO Insurance ၏ဒီဇင်ဘာလအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သော ထူးချွန်ဝန်ထမ်းများ

လူ့စွမ်းအားအရင်းအမြစ်ဆိုတာ အဓိကအရေးကြီးတဲ့ အရင်းအမြစ်တစ်ခုပါ။ ထူးချွန်တဲ့ ဝန်ထမ်းတွေကို ဂုဏ်ပြုခြင်းကလည်း ဂုဏ်ယူဖွယ်ရာ တစ်ခုဖြစ်ပြီး ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုခြင်းဖြင့် ယခုထက် ပိုမိုကောင်းမွန်သော အာမခံဝန်ဆောင်မှုများနှင့် နေ့သစ်များဆီသို့ ဦးတည်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

စိတ်အားထက်သန်မှု၊ ဦးဆောင်လုပ်ကိုင်နိုင်မှု၊ စိတ်ရောကိုယ်ပါကြိုးပမ်းမှုနှင့် ယုံကြည်မှုတို့အချိုးကျ ပေါင်းစပ်ပြီး နောက်မှာတော့ AYA SOMPO အာမခံရဲ့ ဒီဇင်ဘာလအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့တဲ့ ထူးချွန်ဝန်ထမ်းများကို ဂုဏ်ယူစွာဖြင့် ဖော်ပြလိုက်ပါတယ်။




"Manager of the Month" အဖြစ်
Daw Aye Thidar Khine Win




"Employee of the Month" အဖြစ်
U Soe Min Aung




"Hero of the Month" အဖြစ်
Daw Su Hla Phyu

အာမခံထက်သာလွန်သော အကောင်းဆုံးဝန်ဆောင်မှုများဖြင့် စိတ်အေးချမ်းသာမှုပေးနိုင်ဖို့အတွက် AYA SOMPO မှ သင့်ဘဝလက်တွဲဖော်အဖြစ် ရှိနေမှာဖြစ်ပါတယ်။




# အလုံးစုံမော်တော်ယာဉ်အာမခံ လျော်ကြေးငွေပေးအပ်ခြင်း

AYA SOMPO အာမခံတွင် အလုံးစုံမော်တော်ယာဉ်အာမခံထားရှိသော AUTOMOBILE ALLIANCE CO., LTD မှ အာမခံယာဉ်သည် ပါကင်ထိုးရန် ရပ်နားရာ နောက်မှ တစ်ဖက်ယာဉ်နှင့် တိုက်မိ၍ ယာဉ်ထိခိုက်မှု ဖြစ်ပွားခဲ့ပါသည်။

ယာဉ်မတော်တဆမှုဖြစ်ပြီး ချက်ချင်း AYA SOMPO အာမခံ၏ Claim Hotline - ၀၉ ၇၇၇ ၁၀၀ ၉၉၉ သို့ အကြောင်းကြားလာပါသဖြင့် သတင်းရလျှင်ရချင်း AYA SOMPO အာမခံ၏ တာဝန်ရှိသူများမှ အမြန်ဆုံးသွားရောက် မှတ်တမ်းယူ ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။

AYA SOMPO အာမခံမှ အဆိုပါ အာမခံယာဉ်၏ ထိခိုက်ပျက်စီးမှုများကို စီစစ်ခဲ့ပြီးနောက် အာမခံထားသူ ထံသို့ မော်တော်ယာဉ်၏ အာမခံလျော်ကြေးငွေ (၅၆,၅၁၅,၅၃၀/-) ကျပ်ကို AYA SOMPO အာမခံ ရုံးချုပ် - အမှတ် (၂၄၅)၊ မဟာဗန္ဓုလလမ်းနှင့် ၄၆ လမ်းထောင့်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့၌ ပေးအပ်ခဲ့ပါသည်။

AYA SOMPO အာမခံ၏ အာမခံဝန်ဆောင်မှုများအား အသေးစိတ်သိရှိလိုပါက Customer Service ဖုန်း - ၀၉ ၇၇၇ ၁၀၀ ၅၅၅ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။